
ဇေယနု (ရာမည)
အောင်မြတ်သာနှင့်
စတုတ္ထမြောက် လက်ရုံးတော်

## အောင်မြတ်သာနှင့် စတုတ္ထမြောက်လက်ရိုးတော်

*

မနက်ဝေလီဝေလင်းအချိန် လူပ်လီလူပ်လဲ့ တိုက်ခတ်နေတဲ့ လေနုညင်းလေးတွေကြောင့် ညောင်ညိုပင်ကြီးထက်မှာ ရှိနေကြတဲ့ ညောင်ရွက်နုလေးတွေက ယိမ်းသမတွေ ယိမ်းကနေသလို ဘေးဘီဝဲယာကို ယိမ်းနွဲ့လူပ်ယမ်းနေကြတယ်။

ညောင်ညိုပင်ရဲ့အောက်ခြေမှာတော့ အောင်မြတ်သာတို့ ဆရာတပည့်နှစ်ယောက်က ငြိမ်သက်စွာ ထိုင်နေပြီး ရွာအဝင်လမ်းမကြီးကို ငေးကြည့်နေခဲ့ကြတယ်။ အတန်ကြာတော့ မနှေးမမြန် ခြေလှမ်းတွေနဲ့အတူ လမ်းလျှောက်လာတဲ့ လူတစ်ယောက်ကို မြင်လိုက်ရတာကြောင့် မောင်ကောင်းက ဦးစွာ ထရပ်လိုက်ပြီး ကိုယ်မှာကပ်နေတဲ့ဖုန်မှုန့်တွေကို လက်ဝါးနဲ့ညင်သာစွာ ခါထုတ်လိုက်တယ်။

"ကျုပ်ဖြင့် ဆရာတို့ကို ထွက်သွားပြီတောင် ထင်နေတာ"

ညောင်ညိုပင်နဲ့ အတန်သင့် ကွာဝေးတဲ့နေရာကနေ လှမ်းပြောလိုက်တဲ့ စကားကြောင့် အောင်မြတ်သာက ယောလွယ်အိတ်ကို ပခုံးစွန်းပေါ် ပင့်တင်လိုက်ပြီး

"မောင်ရင်က ကျုပ်တို့နောက်ကို ဘာကိစ္စနဲ့ လိုက်လာခဲ့တာလဲ"

"အမှန်တိုင်းပြောရရင် ဆရာတို့ရဲ့ ပညာရပ်တွေကို စိတ်ဝင်စားတာရယ်၊ လူတစ်ဖက်သားကို အမှန်းမပွားစေပဲ ကိစ္စရပ်တွေကို ကူညီဖြေရှင်းပေးနိုင်

တဲ့ နည်းလမ်းတွေကို သဘောကျလို့ လိုက်လာခဲ့တာပါ"

"ကျုပ်တို့လမ်းစဉ်က အမုန်းတရားထက် မေတ္တာတရားကိုသာ ဦးတည်တာမို့ အငြိုးကြီးမားသူတွေ၊ သူတစ်ပါးအပေါ် ယုတ်မာစိတ်ရှိတဲ့သူတွေကို ဝေးဝေးက ရှောင်ပါတယ်"

"ကျွန်တော် ဆရာတို့ပညာရပ်ကို စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ ကျွန်တော် တတ်မြောက်ထားတဲ့ပညာက ဆရာတို့လမ်းစဉ်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်ဗျာ"

"ဒီမယ်ကောင်လေး ... မင်းဘာသာ အတိတ်က ဘယ်လောက်ပဲ ဆိုးခဲ့မိုက်ခဲ့ပါစေ၊ အခုလက်ရှိအချိန်ကို အကောင်းဆုံးလုပ်ဖို့ ဆန္ဒရှိမယ်ဆိုရင် ကျုပ်တို့ဘက်ကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေပါတယ်"

"ဒါဆို ကျွန်တော် တတ်မြောက်ထားတဲ့ပညာရပ်တွေကို စွန့်လွှတ်မယ်ဆိုရင် ဆရာတို့ပညာကို သင်ပေးမှာလား"

"မင်းက လက်ရှိတတ်မြောက်ထားတဲ့ပညာနဲ့ လူတွေအသက်ကို သတ်ခဲ့ဖူးလား"

"မသတ်ဘူးပါဘူးဆရာ"

"သူတစ်ပါးကို မျက်ရည်ပေါက်ကြီးငယ်ကျအောင်ကော မတရားသဖြင့် လုပ်ခဲ့ဖူးလား"

"ဒီလိုမျိုးလည်း မလုပ်ဘူးပါဘူးဆရာ"

"ဒါဖြင့် မင်းမှာ အကုသိုလ် အစွန်းထင်းမရှိဘူးလေ ဒါပေမဲ့ မင်းအနေနဲ့ လိမ်ညာပြောဆိုခဲ့မယ်ဆိုရင် ကိုယ်ဆိုတဲ့သစ္စာ ကိုယ်ပြန်ထိမယ်ဆိုတာတော့ မှတ်ထားရမယ်"

"ကျွန်တော် အခုပြောနေတဲ့ စကားတွေထဲမှာ မုသားတစ်ခွန်းမှ မပါခဲ့ပါ

ဘုန်းဆရာ ... ဒီသစ္စာစကား မှန်ကန်ခဲ့ပါက ကျွန်တော် ဆန့်တန်းထားတဲ့ လက်ပေါ်မှာ သက်ရှိသတ္တဝါတစ်ကောင် လာရောက်နားခိုပါစေ"

ခွန်းလှက စိတ်ရောကိုယ်ပါနှစ်ပြီး သစ္စာဆိုလိုက်ရာ ညောင်ညိုပင်အပေါ် ဘက်မှာ နားနေတဲ့ ငှက်တော်တစ်ကောင်က တောင်ပံတဖျတ်ဖျတ်ခတ်ပြီး လက်မောင်းပေါ်ကို ဆင်းသက်လာခဲ့တယ်။

ဒီအဖြစ်အပျက်ကိုမြင်တော့ အောင်မြတ်သာက သဘောကျစွာ ပြုံးလိုက်ပြီး

"မင်းက သစ္စာတရားကို တိုင်တည်တတ်တဲ့လူစားမို့ ငါတို့ပညာနဲ့ကိုက်ညီမှု ရှိပါတယ်။ ဒါပေမဲ့ ဂိုဏ်းတော်ထဲကို ဝင်မယ်ဆိုရင် ကိုယ့်ထက် အရင်ရောက်ပြီးသားသူတွေကိုတော့ လေးစားရမယ်၊ နောက်တစ်ချက်က အတိတ်ကာလမှာ တတ်မြောက်ခဲ့တဲ့ ပညာရပ်တွေကို ပြန်လည် အသုံးချခြင်း မပြုရဘူး၊ ဒီအချက်အလက်တွေကို မင်း လိုက်နာနိုင်ပါ့မလား"

"သိပ်ကို လိုက်နာနိုင်တာပေါ့ဆရာရယ် ... ကျွန်တော့်အနေနဲ့ လက်စားချေချင်တဲ့စိတ်ကြောင့်သာ ဒီပညာတွေကို သင်ယူခဲ့ပေမဲ့ အခြားသူတွေကို စိတ်နဲ့တောင် မကောင်းမကြံခဲ့ဘူးပါဘူး"

"မင်းအနေနဲ့ ငါတို့သွားတဲ့နောက်ကို လိုက်ပါနိုင်ပါ့မလား"

"ကျွန်တော်က မိဘမဲ့တစ်ကောင်ကြွက်ပါဆရာ ... ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ဆရာတို့ ခရောင်းလမ်းသွားရင်တောင် ထက်ကြပ်မကွာ လိုက်ပါမယ်"

ခွန်းလှစကားကြောင့် အောင်မြတ်သာက သဘောကျစွာ ပြုံးလိုက်ပြီး

"ဒါဖြင့်ရင် ငါတို့တွေ ခရီးဆက်ကြတာပေါ့... မောင်ကောင်း မင်းလည်း စကားပြောဖော်မရှိလို့ ပျင်းနေတာ မဟုတ်လား၊ နောက်ဆို မပျင်းရတော့

ဘူးပေါ့"

"ဒါပေါ့ဆရာရယ် ... ညီလေးတစ်ယောက်တိုးတော့ ကျွန်တော့်အတွက် လည်း တိုင်ပင်ဖော် တိုင်ပင်ဖက် တစ်ယောက် ရတာပေါ့ဗျာ ဟဲဟဲ"

ခွန်းလှလည်း မောင်ကောင်းစကားကြောင့် ဝမ်းသာသွားပြီး ပါးနှစ်တက် တွန့်သွားတဲ့ထိ ပြုံးရယ်ချလိုက်တယ်။

***